# ပုထုဇဉ်နှင့်သောတာပန်တို့ အသိဉာဏ် ကွာခြားချက် (၇) မျိုး

## အရိယဉာဏ် ခုနစ်ပါး

(၁)"ရဟန်းတို့၊ ထိုမြတ်သော အယူသည် မည်သို့လျှင် ဆင်းရဲကုန်ဆုံးရန် ဖြစ်သနည်းဆိုသော်- ဤသာသနာ၌ ရဟန်းသည် တော၊ တောင်၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာအရပ် တစ်ခုခုသို့ ချဉ်းကပ်လျက် 'ငါ၏ အတွင်းသန္တာန်ဝယ် ဟုတ်တိုင်းမှန်စွာ မသိမြင်နိုင်ကြောင်း ဖြစ်သော စိတ်ထကြွမှုကို မပယ်အပ်ဘဲ ရှိနေသလော'ဟူ၍ စဉ်းစားဆင်ခြင်၏။ ကာမဂုဏ်၌ စွဲငြိခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း၊ ထိုင်းမှိုင်းခြင်း၊ ပူပန်ခြင်း၊ တွေးတောယုံမှားခြင်းများ ဖြစ်ပေါ်နေသူသည် ထကြွသောစိတ်ရှိသူ ဖြစ်၏။ ဤလောကကို ကြံစည်ခြင်း၊ တစ်ပါးသော လောကကို ကြံစည်ခြင်းတို့၌ လေ့ကျက်အားထုတ်နေသူ၊ ခိုက်ရန်ငြင်းခုံ ပြုနေသူတို့သည်လည်း ထကြွသော စိတ်ရှိသူများပင် ဖြစ်၏။ ယင်းသို့ ဆင်ခြင်၍ မိမိသန္တာန်ဝယ် ထိုကဲ့သို့သော စိတ်ထကြွမှုများ မရှိကြောင်းသိမြင်ခဲ့သော် ထိုရဟန်းသည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ပထမ အရိယဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။"

(၂) 'ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါကား ဤအယူကို မှီဝဲပွားများ၍ မျက်မှောက်ဒိဋ္ဌ အေးမြငြိမ်းချမ်းခြင်းကို ရ၏လော' ဟုဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ မျက်မှောက် ဒိဋ္ဌ အေးမြငြိမ်းချမ်းခြင်းကို ရရှိကြောင်း သိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ဒုတိယအရိယဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။

(၃) 'ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါ၏ အယူနှင့်တူသော အယူရှိသည့် ရဟန်း ပုဏ္ဏားတို့သည် ဤသာသနာမှ ပြင်ပ၌ ရှိပါ၏လော' ဟူ၍ ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ ဤသာသနာမှ ပြင်ပ၌ ထိုကဲ့သို့သောအယူနှင့် ပြည့်စုံသည့် ရဟန်း ပုဏ္ဏားများ မရှိကြောင်း သိမြင်ခဲ့သော် ထိုအရိယာ တပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော တတိယ အရိယဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။"

(၄) 'ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါကား အပြစ် အာပတ်တစ်ခု သင့်ရောက်ခဲ့သော် လျင်မြန်စွာ ကုစားဖြေဖျောက်၍ နောက်ထပ်လည်း မကျူးလွန်မိအောင် စောင့်စည်းခြင်းဟူသော အမြင်ပြည့်ဝပြီးသူတို့၏ ဓမ္မတာသဘောနှင့် ပြည့်စုံပါ၏လော' ဟူ၍ ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ ထိုကဲ့သို့သော ဓမ္မတာသဘောနှင့် ပြည့်စုံကြောင်း သိမြင်ခဲ့သော်

ထိုအရိယာတပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော စတုတ္ထအရိယ ဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။

(၅) ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါကား သီတင်းသုံးဖော်တို့၏ ကိစ္စကြီးငယ်၌ ကြောင့်ကြစိုက်နေရသည့် တိုင်အောင် ထိုအမှုတို့၌ မေ့လျော့မနေဘဲ မြတ်သော သီလသမာဓိပညာဆိုင်ရာ အကျင့်တရား၌ ထက်သန်သော ငဲ့ကွက်မှုရှိခြင်း ဟူသော အမြင်ပြည့်စုံသူတို့၏ ဓမ္မတာသဘောနှင့် ပြည့်စုံပါ၏လော' ဟူ၍ ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ ထိုကဲ့သို့သော ဓမ္မတာသဘောနှင့် ပြည့်စုံကြောင်း သိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ပဉ္စမအရိယဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။

(၆) 'ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါကား မြတ်စွာဘုရား၏ တရားကို ဟောကြားသည့်အခါ လိုလိုလားလား နားစိုက်နာယူခြင်းဟူသော အမြင်ပြည့်စုံသူတို့၏ အင်အားနှင့် ပြည့်စုံပါ၏လော' ဟူ၍ ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ ထိုကဲ့သို့သော အင်အားနှင့် ပြည့်စုံကြောင်း သိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ဆဋ္ဌမအရိယဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။

(၇) ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါကား မြတ်စွာဘုရား၏ တရားကို ဟောကြားသည့်အခါ အနက်အဓိပ္ပာယ်ကို သိမြင်၍ တရားနှင့် ယှဉ်သော ဝမ်းမြောက်မှုကို ရခြင်းဟူသော အမြင် ပြည့်စုံပြီး သူတို့၏ အင်အားနှင့် ပြည့်စုံပါ၏လော' ဟူ၍ ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ ထိုကဲ့သို့သော အင်အားနှင့် ပြည့်စုံကြောင်း သိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောက မှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော သတ္တမအရိယဉာဏ်ကို ရရောက် ပြီး ဖြစ်လေ၏။

'ရဟန်းတို့၊ ဤအင်္ဂါခုနစ်ပါးနှင့်ပြည့်စုံသော အရိယာတပည့်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီး ဖြစ်ပေ၏"

(ကောသမ္ဗိယသုတ်၊ စူဠယမကဝဂ်၊ မူလပဏ္ဏာသ၊ ၃၉၈)